မြန်မာနိုင်ငံသားများ၏ ကာလရှည်နေထိုင်ခွင့်လက်မှတ် (Certificate of Eligibility, COE)
သက်တမ်းတိုးပေးခြင်းနှင့်ပတ်သက်၍

မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး

လက်ရှိတွင် မြန်မာနိုင်ငံ အလုပ်သမားဝန်ကြီးဌာန၏ အလုပ်သမားစေလွှတ်ရေးစနစ်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင် လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်သက်ရောက်မှုများကြောင့် အလုပ်သမားဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် ပြည်ပအလုပ်အကိုင် အလုပ်သမား သက်သေခံကတ်ပြား (Oversea Worker Identification Card - OWIC) ထုတ်ပေးခြင်းလုပ်ငန်းစဉ်များ နှောင့်နှေးလျက်ရှိသည့်အတွက်ကြောင့် မြန်မာနိုင်ငံဆိုင်ရာဂျပန်သံရုံး၌ သတ်မှတ်ထားသည့် ဗီဇာလျှောက်ထားခြင်းဆိုင်ရာလုပ်ငန်းစဉ်များ ပြီးစီး၍ထုတ်ပေးထားသော သက်တမ်းရှိနေထိုင်ခွင့်ဗီဇာကို ကိုင်ဆောင်ထားပြီး အလုပ်လုပ်ကိုင်ရန် ဂျပန်နိုင်ငံသို့သွားရောက်ကြမည့် မြန်မာနိုင်ငံသားများ၏ အလုပ်လုပ်ကိုင်ခြင်းနှင့်သက်ဆိုင်သည့် ကာလရှည်နေထိုင်ခွင့်လက်မှတ်- Certificate of Eligibility (COE) (အဆိုပါ နေထိုင်ခွင့်အမျိုးအစားနှင့် ဆက်စပ်သော “မိသားစု နေထိုင်ခွင့်ဗီဇာ” လည်း ပါဝင်သည်။ အောက်တွင် COE ဟု ဆက်လက်ဖော်ပြမည်) ကို လတ်တလောကာလတွင် ၃ လမှ ၆ လသို့ သက်တမ်းတိုးပေးပါမည်။

၁။ လူဝင်မှုကြီးကြပ်ရေးဌာန၏ စီမံချက်

(၁) အကျုံးဝင်သည့် နေထိုင်ခွင့်ဗီဇာအမျိုးအစား

- COE ဖြင့်အကျုံးဝင်သော အလုပ်လုပ်ကိုင်ခွင့်ရှိသည့် နေထိုင်ခွင့်အမျိုးအစားအားလုံးနှင့် ၎င်းတို့နှင့်ဆက်စပ်သော “မိသားစုနေထိုင်ခွင့်” တို့အတွက်သာ ဖြစ်သည်။

(၂) အကျုံးဝင်သည့် နိုင်ငံသား

- မြန်မာနိုင်ငံသား

(၃) သက်တမ်းကာလ

- COE ထုတ်ပေးသည့်ရက်စွဲမှ ၆ လအထိ

(၄) အကျုံးဝင်သည့်အခြေအနေများ

- အလုပ်ခန့်အပ်သည့်ကုမ္ပဏီစသည်တို့က “COE ထုတ်ပေးရန် လျှောက်ထားသည့်အချိန်က တင်ပြခဲ့သည့် လုပ်ငန်းတာဝန်များအတိုင်း ဆက်လက်ခန့်အပ်နိုင်ကြောင်း” ရေးသားထားသောစာကို မြန်မာနိုင်ငံဆိုင်ရာဂျပန်သံရုံးသို့ တင်ပြရမည့်အပြင် မြန်မာနိုင်ငံဆိုင်ရာဂျပန်သံရုံးမှ ထုတ်ပေးထားသော နေထိုင်ခွင့်ဗီဇာကို ရယူထားပြီးဖြစ်ရမည်။

၂။ အထက်ဖော်ပြပါ နံပါတ်-၁ ကို အခြေခံ၍ အလုပ်လုပ်ကိုင်ရန်ရည်ရွယ်၍ ဂျပန်နိုင်ငံသို့ သွားရောက်ကြမည့် မြန်မာနိုင်ငံသားများနှင့်ပတ်သက်သည့် နေထိုင်ခွင့်ဗီဇာထုတ်ပေးခြင်းကို အောက်ပါအတိုင်း

ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၁) သက်တမ်းရှိနေထိုင်ခွင့်ဗီဇာ လက်ဝယ်ရယူထားခြင်းမရှိသေးဘဲ အထက်ဖော်ပြပါ နံပါတ်-၁ (၁) ရှိ COE (ထုတ်ပေးသည့်ရက်စွဲမှ ၆ လအတွင်း) ကိုင်ဆောင်ထားသောပုဂ္ဂိုလ်များသည် ပတ်စ်ပို့၊ ဗီဇာ လျှောက်ထားမည့် စာရွက်စာတမ်းများနှင့်အတူ အထက်ဖော်ပြပါ နံပါတ်-၁ (၄) ရှိ အလုပ်ခန့်အပ်သည့် ကုမ္ပဏီများမှထုတ်ပေးသည့်စာ (သင့်လျော်သည့်စာပုံစံဖြင့်) ကို ပူးတွဲ၍ သံရုံးသို့ တင်ပြလျှောက်ထား ရမည်ဖြစ်ပါသည်။

(၂) သက်တမ်းရှိနေထိုင်ခွင့်ဗီဇာကို ရယူထားပြီး အထက်ဖော်ပြပါ နံပါတ်-၁ (၁) ရှိ COE (ထုတ်ပေးသည့်ရက်စွဲမှ ၆ လအတွင်း) ကိုင်ဆောင်ထားသောပုဂ္ဂိုလ်များသည် အထက်ဖော်ပြပါ နံပါတ်-၁ (၄) ရှိ အလုပ်ခန့်အပ်သည့်ကုမ္ပဏီများမှ ရေးသားထားသောစာကို ရယူပြီး သက်တမ်းရှိနေထိုင်ခွင့်ဗီဇာ ကပ်ထားသောပတ်စ်ပို့နှင့် ပူးတွဲကိုင်ဆောင်ကာ ဂျပန်နိုင်ငံသို့ သွားရောက်နိုင်ပါသည်။ (လိုအပ်ချက် အပေါ်မူတည်၍ ဂျပန်နိုင်ငံသို့ ဝင်ရောက်ချိန်တွင် အထက်ဖော်ပြပါစာကို ပြသရမည်ဖြစ်ပြီး နိုင်ငံသို့ ဝင်ရောက်ရန် စိစစ်စစ်ဆေးခြင်းများကို ခံယူရမည်ဖြစ်သည်။)

(၃) သို့သော် မိမိရရှိထားသော COE သည် ထုတ်ပေးသည့်ရက်မှ ၆ လထက်ပို၍ ကျော်လွန်နေပါက COE ကို အသစ်ပြန်လည်လျှောက်ထားရမည်ဖြစ်ပါသည်။

(ကိုးကား) ဂျပန်နိုင်ငံ၏ လူဝင်မှုကြီးကြပ်ရေးဌာန

"မြန်မာနိုင်ငံသားများ၏ ကာလရှည်နေထိုင်ခွင့်လက်မှတ် (Certificate of Eligibility, COE)
သက်တမ်းတိုးခြင်းနှင့်ပတ်သက်၍"

https://www.moj.go.jp/isa/10_00229.html

(Sample Format)

# Letter Agreement

Date(YYYY/MM/DD)

______________

The Receiving Company signed below hereby proves that the below person' status has not changed since the application of the below outdated Certification of Eligibility(COE), and ensures that the person will be employed as planned to the assigned receiving company and not to do any activities unplanned.

Person's name

__________________________________________________________

Gender Nationality/Region Date of Birth(YYYY/MM/DD)

_________ _______________ _____________________

Passport Number

_____________________________________________________

Expired COE number (attach copy)

_____________________________________________________

Profession or Occupation/Organization to be employed in Japan

_____________________________________________________

Receiving Company

Name __________________ Signature

-----End of the document-----

အမေးများသောမေးခွန်းများ

၂၀၂၅ ခုနှစ် ဧပြီလ ၉ ရက်

(နေထိုင်ခွင့်ဗီဇာ သက်တမ်းကျန်ရှိသေးသည့်အခါ လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များ)

မေး-၁။ ။ မိမိတို့ လက်ဝယ်တွင်ရှိသော COE သည် ထုတ်ပေးသည့်ရက်စွဲမှ သက်တမ်း (၃) လကျော်လွန်ကုန်ဆုံးနေသော်လည်း၊ ၎င်းရက်စွဲမှ ၆လအတွင်း နေထိုင်ခွင့်ဗီဇာ သက်တမ်းကျန်ရှိနေသေးသည့်အခါ မြန်မာ နိုင်ငံဆိုင်ရာဂျပန်သံရုံးသို့ ပြန်လည်လျှောက်ထားရန် မလိုအပ်ဘဲ အလုပ်ခန့်အပ်သည့်ကုမ္ပဏီများက ရေးသားထားသောစာကိုရယူကာ သက်တမ်းရှိနေထိုင်ခွင့်ဗီဇာကပ်ထားသော ပတ်စ်ပို့နှင့်အတူ ပူးတွဲ ကိုင်ဆောင်သွားမည်ဆိုလျှင် ဂျပန်နိုင်ငံကို သွားလို့ရနိုင်ပါသလား။

ဖြေ-၁။ ။ သိရှိထားသည့်အတိုင်း နေထိုင်ခွင့်ဗီဇာသက်တမ်းကျန်ရှိနေသေးပါက ဂျပန်သံရုံးသို့ သွားရောက်၍ ပြန်လည်လျှောက်ထားရန် မလိုအပ်တော့ပါ။ ၎င်း COE နှင့်အတူ အလုပ်ခန့်အပ်သည့်ကုမ္ပဏီ များက ရေးသားထားသောစာကို ရယူပြီး သက်တမ်းရှိနေထိုင်ခွင့်ဗီဇာကပ်ထားသောပတ်စ်ပို့နှင့် အတူ ပူးတွဲကိုင်ဆောင်ကာ ဂျပန်နိုင်ငံကို သွားရောက်နိုင်ပါသည်။

(အလုပ်ခန့်အပ်သည့်ကုမ္ပဏီများက ရေးသားရမည့်စာပုံစံ)

မေး-၂။ ။ အလုပ်ခန့်အပ်သည့်ကုမ္ပဏီများက ရေးသားရမည့်စာနှင့်ပတ်သက်ပြီး သတ်မှတ်ထား သောစာပုံစံ ရှိပါသလား။

ဖြေ-၂။ ။ သတ်မှတ်ထားသောစာပုံစံဟူ၍ မရှိသော်လည်း စာပုံစံမူကြမ်းကို ဂျပန်သံရုံး၏ အင်တာနက်စာမျက်နှာတွင် တင်ပေးထားသည့်အတွက် သင့်လျော်သလို ကိုးကားအသုံးပြုနိုင်ပါ သည်။ ထို့အပြင် ရေးသားရမည့်ဘာသာစကားအဖြစ် ဂျပန်ဘာသာစကားကို အသုံးပြု၍ရေးသား နိုင်ပါသည်။

(အလုပ်ခန့်အပ်သည့်ကုမ္ပဏီများက ထုတ်ပေးရမည့်စာကို ရေးသားရမည့်အမိကအဖွဲ့အစည်း)

မေး-၃။ ။ အလုပ်ခန့်အပ်သည့်ကုမ္ပဏီများကထုတ်ပေးရမည့်စာကို ရေးသားရမည့်အမိကအဖွဲ့ အစည်းက အလုပ်ခန့်အပ်သည့်ကုမ္ပဏီမဟုတ်လျှင်လည်း ရပါသလား။ မှတ်ပုံတင်ထားသော

အထောက်အကူပြုအဖွဲ့အစည်း (Registered Support Organization) က ရေးမည်ဆိုပါက အဆင်ပြေနိုင်ပါသလား။

ဖြေ-၃။ ။ မှတ်ပုံတင်ထားသော အထောက်အကူပြုအဖွဲ့အစည်း (Registered Support Organization) က ရေးသားမည်ဆိုပါက စာအကြောင်းအရာတွင် မှတ်ပုံတင်ထားသော အထောက်အကူပြုအဖွဲ့အစည်း (Registered Support Organization) နှင့် အလုပ်ခန့်အပ်သည့်ကုမ္ပဏီတို့၏ ပတ်သက်ဆက်စပ်မှုကို သေချာစွာ ရှင်းပြပြီး အလုပ်ခန့်အပ်သည့်ကုမ္ပဏီက မည်သည့်ကုမ္ပဏီဖြစ်ကြောင်း ကုမ္ပဏီအမည်အသေးစိတ်တို့ကိုပါ သေချာစွာ ထည့်သွင်းရေးသားရမည့်အပြင် အလုပ်ခန့်အပ်သည့်ကုမ္ပဏီများနှင့် တူညီသောတာဝန်ဝတ္တရားများကို ပါဝင်ထမ်းဆောင်မည့်အကြောင်းကိုပါ စာတွင် ရှင်းလင်းစွာ ရေးသားဖော်ပြရမည်ဖြစ်ပါသည်။

(အလုပ်ခန့်အပ်သည့်ကုမ္ပဏီများက ရေးသားရမည့်စာတွင် တံဆိပ်တုံးနှိပ်ရန်/လက်မှတ်ထိုးရန် လိုအပ်မှု ရှိ/မရှိ)

မေး-၄။ ။ အလုပ်ခန့်အပ်သည့်ကုမ္ပဏီများက ရေးသားရမည့်စာတွင် တံဆိပ်တုံးနှိပ်ရန်/လက်မှတ်ထိုးရန် လိုအပ်ပါသလား။

ဖြေ-၄။ ။ မလိုအပ်ပါ။ သို့သော် တားမြစ်ထားခြင်းလည်းမရှိပါ။